# မာတိကာ

၁။ အမေနေ့ ........ ၅
၂။ အန္တရာယ်ကင်းလှ အမေ့လုံချည်စ
ကန့်ဘလူ-ကံတင်အောင်(ပထဝီဝင်) ........ ၁၁
၃။ မြင်းမိုရ်မေမေ
မင်းတာရာ ........ ၂၄
၄။ အမေ့နိုင်ငံ
မေတ္တာလင်း(ကန့်ဘလူ) ........ ၅၅
၅။ ပေးဆပ်သူတို့နှလုံးသားများ
ဇွဲမာန်(အင်းဝ) ........ ၆၉
၆။ အနန္တများရဲ့မြစ်ဖျား
ရွှေတိုက်မောင်စံ ........ ၈၅
၇။ အခန်းမကျယ်တဲ့အမေ့အိမ်
အရှင်သုမန(ကန့်ဘလူ) ........ ၁၀၅
၈။ မေမေ
အမြတ်တနိုး ........ ၁၁၉
၉။ ပုခက်တစ်စင်း
နတ်တန်ခိုး ........ ၁၃၃
၁၀။ အိမ်ဖိုပေါ်က အမေ့အို
ပီတိ(ပေကြီး) ........ ၁၄၇

# သမိုင်းကိုလွှမ်းစေသော အမေ

အမေ့ရဲ့အချစ်- ခေတ်ကိုလည်း ကောင်းစေတယ်
နှစ်ကိုလည်း ညှောင်းစေတယ်
စစ်ကိုလည်း နှောင်းစေတယ်။
အမေ့ရဲ့မျက်နှာ-သာယာမှုကိုလည်း ခစေတယ်
အနာအဆာအစုကိုလည်း ပစေတယ်
ခါခါဆုကိုလည်း ရစေတယ်။
အမေ့ရဲ့အပြုံး- နှလုံးကိုလည်း အေးစေတယ်
အရွှုံးကိုလည်း ဝေးစေတယ်
အမုန်းကိုလည်း ပြေးစေတယ်။
အမေ့ရဲ့အနမ်း-အပန်းကိုလည်း ပြေစေတယ်
အလွမ်းကိုလည်း ကြွေစေတယ်
အစွမ်းကိုလည်း ဝေစေတယ်။
အမေ့ရဲ့စကား- အမှားကိုလည်း ပြင်စေတယ်
အသွားကိုလည်း ယဉ်စေတယ်
တရားကိုလည်း မင်စေတယ်။
အမေ့ရဲ့အသံ- အမုန်ကိုလည်း ချင့်စေတယ်
အကြံကိုလည်း မြင့်စေတယ်
အလံလိုလည်း လွင့်စေတယ်။
အမေ့ရဲ့သမိုင်း- နက်ရှိုင်းလို့ဆန်းကြယ်
ဖက်နှိုင်းလို့ပန်းမယ်ထင်ရဲ့
လွှမ်းတယ်အမေ. . . လွှမ်းတယ်။ ။

**မေတ္တာလင်း(ကန့်ဘလူ)**